# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ မြန်မာနိုင်ငံ

စာစဉ် ၂ | ၁-၂၈ ဖေဖော်ဝါရီ ၂၀၁၅

OCHA

## ဤစာစဉ်တွင်

ကိုးကန့်ဒေသတွင် လူများသောင်းနှင့်ချီ၍ နေရပ်စွန့်ခွာ စာ-၁
ရှမ်းပြည်နယ်တွင်းရှိ နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ စာ-၂
ရခိုင်ပြည်နယ်တွင်းရှိ စခန်းများ စာ-၃
ရခိုင်ပြည်နယ်ရှိ ဆေးကုသမှုလွှဲပြောင်းပေးခြင်းစနစ် စာ-၄

## အဓိက အချက်များ

- ကိုးကန့်ဒေသတွင်ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် သောင်းချီသော လူများ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ အခြားနေရာများသို့တိမ်းရှောင်
- မုတ်သုန်ရာသီတွင် ရေဘေး အန္တရာယ်ရှိသည့် ရခိုင်ပြည်နယ် ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများမှ လူများဘေးကင်းစေရေး အရေးပေါ်ဆောင်ရွက်ရန်လိုအပ်
- ရခိုင်ပြည်နယ်တွင် အရေးပေါ် ဆေးကုသမှု လွှဲပြောင်းပေးသည့်စနစ် အားကောင်းစေရေး ဆောင်ရွက်
- ရခိုင်ပြည်နယ်၏ နေရာ အချို့ တွင် နယ်စည်းမခြား ဆရာဝန်များ (ဟော်လန်)အဖွဲ့ ကျန်းမာရေး လုပ်ငန်းများ ပြန်လည် စတင်

## အဓိက ကိန်းဂဏန်းများ

| | |
|---|---|
| ရခိုင်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၃၉,၀၀၀ |
| ကချင်နှင့် ရှမ်းမြောက်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၀၀,၀၀၀ |
| မွန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာတွင်နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၃,၃၀၀ |
| လားရှိုးကိုဖြတ်၍ ကိုးကန့်မှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | >၁၃,၀၀၀* |

*ကိုးကန့်ဒေသ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူ အရေအတွက်မှာ အတည် မပြုနိုင်သေး

## ရန်ပုံငွေ

**၁၉၀ သန်း**

(အမေရိကန်ဒေါ်လာ)

၂၀၁၅ ခုနှစ်တွင် လူသားချင်း စာနာမှု အကူအညီများပေးရန် အတွက်တောင်းခံထား



လားရှိုးရှိ ကိုးကန့်ဒေသမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ ဖေဖော်ဝါရီ ၂၀၁၅၊ ဓာတ်ပုံ OCHA

## ကိုးကန့်ဒေသပဋိပက္ခကြောင့် လူများသောင်းနှင့်ချီ ရွှေ့ပြောင်းခဲ့ရ

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖေဖော်ဝါရီလ ၉ ရက်နေ့၌ မြန်မာ့တပ်မတော်နှင့် မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်၊ အခြားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တိုက်ပွဲစတင်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများမှာ ဖေဖော်ဝါရီလ တစ်လလုံး ဆက်လက်ဖြစ်ပွားခဲ့သည်။ လားရှိုးရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာန၏ ပြောကြားချက်အရ လူပေါင်း ၁၃,၀၀၀ ကျော် မြန်မာနိုင်ငံ အခြားနေရာများသို့ ကိုးကန့်မှ စွန့်ခွာတိမ်းရှောင်ခဲ့သည်။ အများ စုမှာ မြန်မာနိုင်ငံ အရပ်ရပ်ရှိ ၄င်းတို့နေထိုင်ရာ နေရာသို့ ပြန်သွားခဲ့ကြသည့် ရွှေ့ပြောင်း လုပ်သားများ ဖြစ်ကြသည်။ နယ်စပ်ဖြတ်ကျော်ပြီး တရုတ်နိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့သည့်အရေအတွက်ကို အတည်ပြုနိုင်ခြင်းမရှိသေးပါ။ ဖေဖော်ဝါရီ ၉ရက်နေ့မှ စတင်၍ ကိုးကန့်ဒေသမှ တရုတ်နိုင်ငံတွင်းသို့ လူပေါင်း ၆၀,၀၀၀ ဝင်ရောက်ခဲ့ပြီး၊ တရုတ်အာဏာပိုင်များမှ ထိုလူများအတွက် အကူအညီ၊ အထောက်အပံ့များ ပေးအပ်ထားကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာများမှ ပြောခဲ့သည်။

**ကိုးကန့်ဒေသမှလူများ နေရပ်စွန့်ခွာတိမ်းရှောင်မှု**




တိုက်ပွဲများဆက်လက် ဖြစ်ပွားနေသည့်အတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားလာမှုကိုကန့်သတ်ထားသည်။ ထိုဒေသအတွင်းရှိလူသားချင်းစာနာမှုဆိုင်ရာအခြေအနေ၊တိုက်ပွဲများကြောင့် ထိခိုက်မှုရှိသူများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ အခြေအနေတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များမှာလည်းအကန့်အသတ်ရှိ နေသည်။ တိုက်ပွဲများကြောင့် သေဆုံး (သို့) ဒဏ်ရာရသည့် အရပ်သား အရေအတွက်ကိုလည်းအတည်ပြုနိုင်ခြင်းမရှိသေးပါ။ အစိုးရ၏ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပြန်လည်ထူထောင်ရေးနှင့် အုပ်ချုပ်ရေးအထောက်အကူပြုကော်မတီ၏ပြောကြားချက်အရ တရုတ်နယ်စပ်၊ မြန်မာနိုင်ငံ ဘက်ပိုင်း နယ်ခြားမှတ်တိုင် ၁၂၅ ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းတွင် လူပေါင်း ၃၀၀၀ နေထိုင် လျက်ရှိပြီး၊ အစိုးရ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနနှင့် ဒေသတွင်း အရပ်ဘက် လူမှု အဖွဲ့အစည်း များမှ အကူအညီ၊ အထောက်အပံ့များ ပေးအပ်လျက်ရှိသည်။ ကုလသမဂ္ဂ ဝန်ထမ်းများ အနေဖြင့် ကိုးကန့်မှ နမ့်တစ် (ဝ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရဒေသ)သို့ နေရပ်စွန့်ခွာ တိမ်းရှောင်လာသည့် လူပေါင်း ၉၅၀ ခန့်အား လက်လှမ်းမီမှုရှိသည်။

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကူညီထောက်ပံ့မှုများပေးအပ်**

ရှမ်းပြည်နယ် အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဒေသတွင်းအရပ်ဘက် လူမှုအဖွဲ့အစည်းများမှ မြန်မာနိုင်ငံအခြားဒေသများသို့ လားရှိုးမှ တစ်ဆင့် သွားရောက်ကြသည့် ရွှေ့ပြောင်းလုပ်သားများနှင့် အခြားလူများအပါဝင်၊ လားရှိုးရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများကို အကူအညီ၊ အထောက်အပံ့များပေးအပ်လျက်ရှိသည်။ ဖေဖော်ဝါရီလအတွင်းတွင် မြန်မာနိုင်ငံကြက်ခြေနီ အသင်းသည် ယာယီနေရာ၊ အစားအစာ၊ အဝတ်အထည်၊ စောင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရှေးဦးသူနာပြုစုခြင်း စသည့်အထောက်အပံ့များအပြင် လောက်ကိုင် နှင့် ချင်းရွှေဟော်မှ ကွမ်းလုံ ၊ လားရှိုးသို့ ပို့ဆောင်ပေးခြင်း စသည် တို့ကို လူပေါင်း ၇,၀၀၀ ကျော်အတွက် ပံ့ပိုးပေးခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ပဋိပက္ခတွင်း ကွဲကွာသွားသည့် မိသားစုများကို ရှာဖွေပေးသည့် ဝန်ဆောင်မှုပြုလုပ်နိုင်ရန် အထူးအဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးစေလွှတ်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ လားရှိုးရှိ ယာယီတည်းခိုရေး စင်တာတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာအထောက်အကူပြု ဝန်ဆောင်မှုများကို ပေးခဲ့သည်။

ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရှိသည့် နိုင်ငံတကာ လူမှုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ဝန်ထမ်းများအား အခြားနေရာများသို့ ရွှေ့ပြောင်းစေခဲ့သည်။ နိုင်ငံတစ်ဝှမ်းလုံးတွင် ပြုလုပ်လျက်ရှိသည့် ဝက်သက်နှင့် ဂျိုက်သိုး ကာကွယ်ဆေးထိုးလုပ်ငန်းများကို တိုက်ပွဲများကြောင့် ကိုးကန့်ဒေသတွင် ရွှေ့ဆိုင်းခဲ့ရသဖြင့် နောက်ဆက်တွဲ ဆိုးကျိုးများကို ကလေးငယ်များ ခံစားရနိုင်သည့် အခြေအနေတွင် ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့် ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆောင်ရွက်လျက်ရှိသည့် လူပေါင်း ၄,၈၀၀အား အာဟာရပံ့ပိုးပေးနေသည့် အစီအစဉ်ကို ရပ်နားခဲ့ရသည်။ ကုလသမဂ္ဂနှင့် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီပေးရေး မိတ်ဖက် အဖွဲ့အစည်းများသည် ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်ရှိ အစိုးရ အဖွဲ့များ နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်မှု အခြေအနေများကို စစ်တမ်းကောက်နိုင်ရန် လုံခြုံရေးအခြေအနေများ တည်ငြိမ်သည်နှင့်တပြိုင်နက် ကိုးကန့်ဒေသသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ များ ပေးအပ်သွားရန် အသင့်ရှိသည်။

*လုံခြုံရေး အခြေအနေ တည်ငြိမ်သည်နှင့် တပြိုင်နက် ကိုးကန့်ဒေသသို့ လူသားချင်းစာနာမှု ဆိုင်ရာအကူအညီများ ပေးရန် ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှု ဆိုင်ရာအကူအညီပေး ရေးအဖွဲ့ များ အသင့်ရှိ*

**ကိုးကန့်တွင် အကူအညီပေးရေးဝန်ထမ်း သေနတ်ထိမှန် ဒဏ်ရာရ**

ဖေဖော်ဝါရီလ ၁၇ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင် ကိုးကန့်ဒေသ၌ မြန်မာနိုင်ငံကြက်ခြေနီ ယာဉ်တန်းနှစ်ကြိမ် တိုက်ခိုက်ခံရပြီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း စေတနာ့ဝန်ထမ်းသုံးဦးနှင့် အရပ်သားများ သေနတ်ထိမှန် ဒဏ်ရာရခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ပြောကြားချက်အရ ယာဉ်တန်းမှာ အရပ်သားများကို ကိုးကန့်ဒေသတွင်းမှ အခြားလုံခြုံရာ နေရာများသို့ ရွှေ့ပြောင်းပေးနေခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးက ပဋိပက္ခတွင်ပါဝင်သူများကို လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးနေသည့် ဝန်ထမ်းများနှင့် အရပ်သားများ၏ လုံခြုံရေးကို ကာကွယ်ပေးရန်နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေများပါ တာဝန်ဝတ္တရားများကိုလည်း လိုက်နာ ဆောင်ရွက်ပေးပါရန် ထုတ်ပြန် ကြေငြာခဲ့သည်။ ပဋိပက္ခများဆက်လက်ဖြစ်ပွားလျက်ရှိရာ ကုလသမဂ္ဂနှင့် လူသာချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး မိတ်ဖက် အဖွဲ့အစည်းများအနေဖြင့် ပဋိပက္ခတွင်ပါဝင်လျက်ရှိသော အဖွဲ့အစည်း အားလုံးကို ပဋိပက္ခများအတွင်း ကလေးများ၏ လုံခြုံရေး၊ အခွင့်အရေးချိုးဖောက်ခံရမှုများကို ကာကွယ် ပေးရန်

အပါအဝင် အရပ်သားများ၏ လုံခြုံရေး၊ ဘေးကင်းစွာ သွားလာခွင့်တို့ အတွက် တောင်းဆို ဆောင်ရွက်လျက်ရှိသည်။

## ရှမ်းပြည်နယ်အတွင်း နေရပ်စွန့်ခွာတိမ်းရှောင်မှုထပ်မံဖြစ်

ရှမ်းပြည်နယ်မြောက်ပိုင်းနေရာအချို့တွင် ဒေသတွင်း တိုက်ပွဲများနှင့် လုံခြုံရေးအခြေအနေများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ထပ်မံဖြစ်ပေါ်ခဲ့ပြီး လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ ထိခိုက်ခဲ့သည်။ ထိုဒေသများရှိ ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းများ၏ ပြောကြားချက်များအရ ကွတ်ခိုင်၊ သိန္နီ၊ မူဆယ်နှင့်နမ့်ခမ်း မြို့နယ်များအပါအဝင်နေရာများတွင် ဖေဖော်ဝါရီလအတွင်း ရာနှင့်ချီသော လူများ ထပ်မံနေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်တွင် မြန်မာ့ တပ်မတော်နှင့် ပလောင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်တို့ အကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မိုးကုတ်မြို့သို့ လူပေါင်း ၆၀၀ ကျော် နေရပ် စွန့်ခွာ တိမ်းရှောင် ခဲ့ရသည်။ ပြည်နယ်အာဏာပိုင်များ၏ ပြောကြား ချက်အရ မိုးကုတ် ဒေသသို့ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့သူ အားလုံး ဖေဖော်ဝါရီလကုန်တွင် ၎င်းတို့၏ မူလနေရပ်သို့ ပြန်သွားပြီ ဖြစ်သည်။



ကွတ်ခိုင်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းမှ မိသားစုများ၊ ဖေဖော်ဝါရီ ၂၀၁၅၊ ဓာတ်ပုံ OCHA

**လုံခြုံရေးအခြေအနေများကြောင့် လူသားချင်း စာနာမှု ဆိုင်ရာလုပ်ငန်းများ နှောင့်နှေး**

ဒေသတွင်း အစိုးရမဟုတ်သည့် အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် လက်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသူများနှင့် ၂၀၁၁ခုနှစ်ကတည်းက နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရပြီး စခန်းများတွင် နေထိုင်နေသူများ အတွက် ကူညီထောက်ပံ့မှုများကို ရှေ့တန်းမှ အဓိက ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့် အထောက် အပံ့များကို ထပ်ဆောင်း ပံ့ပိုးပေးသည်။ လုံခြုံရေး မတည်ငြိမ်မှုများ ပိုမို ဖြစ်ပေါ်လာခြင်းသည် နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီပေးရေး အဖွဲ့အစည်းများ ကွတ်ခိုင်၊ သိန္နီနှင့် နမ့်ခမ်းမြို့နယ် များတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရပ်တန့်သွားစေခဲ့သည်။ မိုးရာသီ ရောက်ရှိတော့မည်ဖြစ်၍ လမ်းများမှာ သွားလာရန် ခက်ခဲလာပြီး၊ ယာယီ အမိုးကာများကို အမြန်ဆုံး ပြုပြင်ရန်နှင့် စခန်းများရှိ ရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ၊ အသုံးအဆောင်များကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရန် လိုအပ်လျက်ရှိသည်။

*ဒေသတွင်း အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် နေရပ်စွန့်ခွာတိမ်းရှောင် ခဲ့ရသူများအတွက် ကူညီထောက်ပံ့မှုများကို ရှေ့တန်း မှ အဓိက ဆောင်ရွက်လျက်ရှိ*

## ရခိုင်ရှိ စခန်းများ၏ အခြေအနေတိုးတက်စေရန် ကြိုးပမ်းမှုများ

**ငှက်ချောင်း စခန်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ ရေဘေးအန္တရာယ်ခံစားရနိုင်ဖွယ်ရှိ**

ပေါက်တောမြို့နယ် ငှက်ချောင်း စခန်းတွင် လူပေါင်း ၆,၀၀၀ ကျော် နေထိုင်လျက်ရှိသည်။ စခန်းမှာ မြေနိမ့်ပိုင်း၊ အကာအကွယ်မဲ့သည့်နေရာတွင်တည်ရှိ၍ ထိုစခန်းတွင် နေထိုင်သူမိသားစုများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများသည် ဆိုင်ကလုန်းနှင့် မုန်တိုင်းများ ဖြစ်ပေါ်လာပါက ရေကြီးခြင်း၊ မုန်တိုင်း ဒီရေတက်ခြင်း စသည့် အန္တရာယ်များကို ထိခိုက် ခံစားရနိုင်သည်။ စခန်းမှာ ရွှံ့နွံမြေပေါ်တွင် တည်ရှိသည့် အတွက် ရှစ်ခန်းတွဲ အဆောင်များမှာ တဖြည်းဖြည်းနှင့် ရွှံ့ထဲသို့ ကျွံဝင်လျက် ရှိသည်။ နေထိုင်ရာ နေရာ

*ငှက်ချောင်းစခန်းရှိ ယာယီနေရာများမှာ ရွှံ့ထဲသို့ တဖြည်းဖြည်း ကျုံ့ဝင်လျက်ရှိ*

များမှာ ယာယီ အသုံးပြုရန် အတွက်သာ ဆောက်လုပ် ထားခြင်းဖြစ်သည့် အတွက် UNHCRနှင့် Lutheran World Federation တို့၏ပြောကြားချက်အရ ၂နှစ်ကျော်ကြာမြင့် လာချိန်တွင် ချက်ချင်း ပြုပြင်ရန်၊ ပြန်လည် တည်ဆောက်ရန် လိုအပ်လျက် ရှိသည်။ အချို့ နေထိုင်ရာ နေရာများတွင် ကြမ်းခင်း များ ပြိုကျ ပျက်စီးနေပြီး၊ နံရံများမှာ လေဒဏ်ကြောင့် ပျက်စီး နေသည်။ ခြေတံရှည်အိမ်များ၏ ကြမ်းခင်းများတွင် ကြီးမားသော အပေါက် များ ရှိနေသည့် အတွက် နေထိုင် နေသော လူများ၊ အထူး သဖြင့် ကလေးများအတွက် ကြီးမားသော အန္တရာယ် ရှိနိုင်သည်။ လက်ရှိ နေထိုင်သည့် နေရာများမှာ ဆက်လက် နေထိုင်၍ မရနိုင်တော့သည့် အတွက်ကြောင့် အချို့မှာ စုပေါင်း ချက်ပြုတ်သည့် နေရာ များသို့ ပြောင်းရွှေ့ နေထိုင်လျက်ရှိပြီး၊ ယာယီ အမိုးအကာများ ပြုလုပ်၍လည်း နေထိုင်လျက်ရှိသည်။ ပင်လယ်နှင့် နီးခြင်း၊ မြေနိမ့်ပိုင်းတွင်ရှိခြင်းတို့ကြောင့် မိုးရာသီတွင် ရေကြီးခြင်း၊ အညစ်အကြေး စွန့်ပစ်ရေများကြောင့်လည်း အခြေအနေမှာ ပိုဆိုးလာနိုင်သည်။ ရေဝပ် ခြင်းကြောင့် နောက်ဆက်တွဲကျန်းမာရေး ပြဿနာများကို ခံစားရနိုင်သည်။ စခန်းတွင် ရေ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Solidarités International အနေ ဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရန်ဆောက်ရွက် ပေးထားသည်။ သို့မဟုတ်လျှင် လူများ အနေဖြင့် သန့်ရှင်းသော ရေရရှိရန် သုံးကီလို မီတာခန့် လမ်းလျှောက် သွားရမည်ဖြစ်သည်။



၂၀၁၄ခုနှစ် မိုးရာသီအတွင်း ငှက်ချောင်းစခန်း။ ဓာတ်ပုံ OCHA

နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများသည် မေ လ ဆိုင် ကလုန်း၊ မုတ်သုန်ရာသီ မစတင်မီ စခန်းရှိ လူများအား အမြင့်ပိုင်း၊ လုံခြုံသော နေရာ များသို့ ပြောင်း ရွှေ့ခွင့်ပြုရန် အပါအဝင် စခန်းရှိ လူများ၏ နေထိုင်မှု အခြေအနေများ တိုးတက်စေရေး အတွက် လိုအပ်သည့် ဆောင်ရွက်မှုများ ချက်ချင်းပြုလုပ်ပေးရန် ရခိုင်ပြည်နယ်အစိုးရ၊ ပြည်ထောင်စု အစိုးရများထံ တောင်းဆို ဆောင်ရွက်လျက်ရှိသည်။

**အနောက်ရွှေစခန်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် သန့်ရှင်းသောရေ ရရှိရန်ခက်ခဲ**

*အပူပြင်းဆုံးရာသီ မတ်လအတွင်းတွင် အနောက်ရွှေစခန်းရှိ သောက်ရေကန်မှာ ခန်းခြောက်သွားခဲ့*

ပေါက်တောမြို့နယ်ရှိ အနောက်ရွှေစခန်းမှာ မြေနိမ့်ပိုင်း အကာအကွယ်မဲ့သောနေရာတွင်ရှိသည့် အတွက် နေထိုင်သောလူများသည် ဆိုင်ကလုန်းနှင့် အပူပိုင်းမုန်တိုင်းများ၏ အန္တရာယ်ကြောင့် ထိခိုက်နိုင်ဖွယ် ရှိပြီး၊ မိုးရာသီတွင် ရေကြီးခြင်းအန္တရာယ်ကိုလည်း ကြုံတွေ့နိုင်သည်။ ထိုစခန်းရှိ နေထိုင်ရာ နေရာ များမှာလည်း မိုးရာသီမရောက်မီ ကြီးကြီးမားမား ပြင်ဆင်ရန် ချက်ချင်းလိုအပ်လျက်ရှိသည်။ ထို့ပြင် စခန်းတွင် နေထိုင်လျက်ရှိသည့် လူဦးရေ ၄,၀၀၀ အတွက် သန့်ရှင်းသောရေ လုံလောက်စွာ ရရှိရေး မှာလည်း ကြီးမားသည့် လိုအပ်ချက်ဖြစ်သည်။ အပူပြင်းဆုံးရာသီ မတ်လအတွင်းတွင် သောက်ရေကန် မှာ ခန်းခြောက်သွားခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရနှင့် Solidarités International အနေဖြင့် မတ်လကုန် မှ မိုးရာသီစတင်မည့် မေလတိုင်အောင် လှေများဖြင့် သောက်ရေများ ပို့ပေးသွားမည် ဖြစ်သော်လည်း၊ ထိုအစီအစဉ်မှာ အကုန်အကျများရုံမက ရေရှည်တည်တံ့မှုမရှိပါ။ ငှက်ချောင်းနှင့် အနောက်ရွှေစခန်းများ တွင် လောင်စာ၊ ထင်းများ လုံလောက်စွာ၊ အန္တရာယ်ကင်းစွာ ရရှိနိုင်ရေးမှာလည်း ကြီးမားသည့် အခက် အခဲတစ်ခု ဖြစ်သည်။ ထို့ကြောင့် စခန်းရှိလူများသည် ယာယီနေထိုင်ရာ နေရာများ၊ အိမ်သာများ၊ လျှောက်လမ်း များနှင့် စခန်းရှိ အခြားအဆောက်အဦးများမှ ပစ္စည်းများကို လောင်စာအဖြစ် အသုံးပြုကြ ရသည်။

ငှက်ချောင်းစခန်း အတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့် မုတ်သုန် ရာသီမတိုင်မီ လူများကို အမြင့်ပိုင်းနှင့် လုံခြုံရာနေရာများသို့ ရွှေ့ပြောင်းပေးရေးကို တောင်းဆိုခြင်း အပါအဝင် အာဏာပိုင်များနှင့် လက်တွဲ၍ စခန်းရှိလူများ၏ နေထိုင်မှု အခြေအနေ တိုးတက်ရေးကို ချက်ချင်း ဆောင်ရွက်ပေးနိုင်ရန် နည်းလမ်းများ ရှာဖွေခြင်းကို ဆောင်ရွက်လျက် ရှိသည်။

**ငှက်ချောင်း နှင့် အနောက်ရွဲ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်**




## ရခိုင်ပြည်နယ်ရှိ အရေးပေါ်ဆေးကုသမှုလွှဲပြောင်းပေးခြင်းစနစ် အားကောင်းစေရေးဆောင်ရွက်

*နယ်စည်းမခြားဆရာဝန်များ (ပော်လန်) အဖွဲ့ လုပ်ငန်းများ ပြန်လည် စတင်ခြင်းသည် ထိခိုက် ပျက်စီးလွယ်သည့် အခြေအနေရှိ ထောင်ပေါင်းများစွာသော လူများ အသက် ကယ်ဆယ်နိုင်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမိုရရှိစေ*

နိုင်ငံတကာနှင့် ပြည်တွင်းရှိ ကျန်းမာရေး အဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ်တွင်းရှိ ဝေးလံခေါင်သီသောနေရာများရှိ ရပ်ရွာ လူထုများနှင့် စခန်းများရှိနေရပ်စွန့်ခွာတိမ်းရှောင်သူများ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့် ရခိုင်ပြည်နယ် ကျန်းမာရေးဌာနကို ပံ့ပိုးကူညီပေးလျက်ရှိသည်။ သို့သော် အခက်အခဲများစွာရှိနေဆဲ ဖြစ်ပြီး အထူးသဖြင့် အပြင်း အထန်



၂၀၁၄ မေတွင် သက်ကယ်ပြင်စခန်းသို့ ရွှေ့လျားကျန်းမာရေးအဖွဲ့ သွားရောက်ခဲ့စဉ်။ MMA

မကျန်းမာသော လူနာများ ဆေးရုံ အချိန်မီရောက်ရှိ နိုင်ရေးကို ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။ အရေးပေါ်ဆေးကုသမှု လွှဲပြောင်းပေးခြင်းစနစ် ရှိသော်လည်း၊ စခန်းတွင် နေထိုင် သော မွတ်စလင်များအတွက် လူနာသည် စခန်းမှ ထွက်ခွာပြီး ဆေးရုံသို့ သွားရောက်ရန် အစိုးရ ထံမှ ခွင့်ပြုချက်ရရှိရန်လိုအပ်သည်။ ထိုစနစ်ကြောင့် မကြာခဏ နှောင့်နှေးမှုများရှိကြောင်း စခန်းတွင် နေထိုင်သူများနှင့် ကျန်းမာရေးအဖွဲ့အစည်းများ၏ ပြောကြားချက်များအရ သိရသည်။ လက်တွေ့တွင် အလွန်စိုးရိမ်ရသည့် အခြေအနေတွင်ရှိသော လူနာများသာ ဆေးရုံသို့သွားရောက်ရပြီး၊ ရောက်ရှိပါ ကလည်း အချိန်မမီတော့သည်က များသည်။

အလွန်မကျန်းမာသည့် လူနာများအတွက် အရေးပေါ်ဆေးကုသမှုလွှဲပြောင်းပေးခြင်းစနစ် အားကောင်းစေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ပြည်နယ်ကျန်းမာရေးဌာနနှင့် လက်တွဲ၍ ဆောင်ရွက်လျက်ရှိသည်။ အရေးပေါ်ဆေးကုသမှု လွှဲပြောင်းပေးရန် လိုအပ်လာပါက ပြည်နယ်ကျန်းမာရေးဌာနသို့ အရေးပေါ် ခေါ်ဆိုနိုင်သည့် ဖုန်းလိုင်းတစ်ခု ရရှိစေရေးနှင့် အရေးပေါ် ဆေးကုသမှု လွှဲပြောင်းပေးခြင်းကို ဆောင်ရွက်ပေးသည့် ပြည်နယ်ကျန်းမာရေးဌာနမှ အဆုံးအဖြတ်ပေးနိုင်သူများကို အချိန်တိုင်း

ဆက်သွယ်၍ ရနိုင်စေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပံ့ပိုးပေးလျက်ရှိသည်။ ရခိုင်ပြည်နယ် ကျန်းမာရေး ကဏ္ဍတွင် လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ ပြောကြားချက်အရ ပြည်နယ် ကျန်းမာရေးဌာနတွင် လူနာတင်ယာဉ် နှစ်စီး ရှိသော်လည်း ထိုယာဉ်များဖြင့် ဝန်ဆောင်မှုများ တိုးမြှင့် လုပ်ဆောင်နိုင်ရန်အတွက် ယာဉ်မောင်းများ ထပ်မံလိုအပ်လျက်ရှိသည်။

**နယ်စည်းမခြား ဆရာဝန်များ (ဟော်လန်) အဖွဲ့လုပ်ငန်းများ ရခိုင်တွင် ပြန်လည်စတင်**

ရခိုင်ပြည်နယ် အစိုးရအနေဖြင့် နယ်စည်းမခြား ဆရာဝန်များ (ဟော်လန်) အဖွဲ့အား ပြည်နယ်တွင်းရှိ နေရာ အချို့တွင် လုပ်ငန်းများပြန်လည်စတင်ရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ခွင့်ပြုပေးခဲ့သည်။ ၄င်းတို့တွင် မောင်းတော၊ ဘူးသီးတောင်၊ စစ်တွေ၊ ပေါက်တော မြို့နယ်များတွင် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကုသခြင်းနှင့် စောင့်ရှောက်မှုလုပ်ငန်းများအပြင် ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ်အားလုံးတွင် အသက်ကယ် လွှဲပြောင်း ဆေးကုသ မှုများပြုလုပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနအသုံးပြုနိုင်ရန်အတွက် မြန်နှုန်းမြင့်စက်တပ်လှေကိုလည်း ပံ့ပိုးပေးခဲ့သည်။

နယ်စည်းမခြား ဆရာဝန်များ (ဟော်လန်) အဖွဲ့ လုပ်ငန်းများပြန်လည်စတင်ခြင်းသည် ထိခိုက် ပျက်စီး လွယ်သည့် အခြေအနေရှိ ထောင်ပေါင်းများစွာသော လူများ အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လူများ အသက်ကယ်ဆယ်နိုင်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမိုရရှိစေသည်။ သို့သော် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် လိုအပ်ချက်မှာ ကြီးမားဆဲဖြစ်ပြီး၊ အထူးသဖြင့် ဝေး လံပြီး ရောက်ရှိရန်ခက်ခဲသည့် ပေါက်တော၊ ရသေ့တောင်၊ မြေပုံနှင့် ကျေးလက်ရှိ ရပ်ရွာလူထုများ အတွက် လိုအပ်လျက်ရှိသည်။

ထပ်မံ သိရှိလိုပါက
အောက်ပါတို့ကို ဆက်သွယ်ပါ။

အီဗာ မော့ဒ်ဗစ်
အစီရင်ခံရေးအရာရှိ
အီးမေးလ် - modvig@un.org
ဖုန်း - (+၉၅) ၉ ၄၂၀ ၂၇၅ ၈၇၇

ဖဲ့ ပယ်ရွန်
ပြန်ကြားဆက်သွယ်ရေးအရာရှိ
အီးမေးလ် - peronp@un.org
ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇

OCHA လူသားချင်းစာနာမှု
သတင်းလွှာကို
www.reliefweb.int တွင်
ရယူနိုင်သည်။

United Nations
OCHA Facebook
www.facebook.com/
OCHAMyanmar